ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့

No. 6 Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086 10 6532 0351, 6532 0412
Fax : 0086 10 65320408


## ပုံစံ (၁၅) များ လက်ခံဆောင်ရွက်ပေးသည့်နေ့ရက်အား တိုးမြှင့်သတ်မှတ်ကြောင်းကြေညာခြင်း
(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်)

၁။ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပ ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုပုံစံ (၁၅) များကို သက်ဆိုင်ရာနိုင်ငံ မြန်မာသံရုံး/ အဖွဲ့ရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် ၅-၈-၂၀၂၀ ရက်နေ့နောက်ဆုံးထား၍ လက်ခံဆောင်ရွက်ရမည်ဖြစ်ကြောင်း သတ်မှတ်ဆောင်ရွက်ခဲ့သော်လည်း ယခုအခါတွင် ပုံစံ (၁၅) Hard Copy များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ နောက်ဆုံးပေးပို့ရမည့် ၁၉-၈-၂၀၂၀ ရက်နေ့အရောက် အချိန်မီပေးပို့နိုင်ပါက သက်ဆိုင်ရာနိုင်ငံ မြန်မာသံရုံး/ အဖွဲ့ရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် ၅-၈-၂၀၂၀ ရက်နေ့အစား သင့်လျော်သလို ရက်တိုးမြှင့် လက်ခံဆောင်ရွက်နိုင်ပါကြောင်း မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့မှ အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အဆိုပြုလာသည့် **ပုံစံ (၁၅) များကို** မြန်မာသံရုံး၊ ပေကျင်းမြို့အနေဖြင့် မြန်မာနိုင်ငံသားများထံမှ **၅-၈-၂၀၂၀ ရက်နေ့အထိ နောက်ဆုံးထားလက်ခံမည့်အစား ၁၅-၈-၂၀၂၀ ရက်နေ့အထိ ရက်တိုးမြှင့် လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း** အသိပေးကြေညာအပ်ပါသည်။

၃။ ပြည့်စုံစွာ ဖြည့်စွက်ထားသည့် ပုံစံ (၁၅) များအား မြန်မာသံရုံး၊ ပေကျင်းမြို့၏ အီးမေးလ် info@myanmarembassy.com သို့လည်းကောင်း၊ တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ပညာသင် ကျောင်းသားများမှ အီးမေးလ် education.mebj@qq.com သို့ လည်းကောင်း **၁၅-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား** ပေးပို့ကြပါရန် **ပုံစံ (၁၅) အား ဤစာနှင့် အတူ ထပ်မံဖြန့်ဝေအပ်ပါသည်။**

မြန်မာသံရုံး၊ ပေကျင်းမြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

------------ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ------------------- သည် -----------------

ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော်/ ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲ ပေးနိုင်ရေးအတွက် ကျွန်တော်/ ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆို အပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ---------------------------

(၂) တိုင်းရင်းသားလူမျိုး ----------------------------

(၃) မှတ်ပုံတင်အမှတ် ----------------------------

(၄) မွေးသက္ကရာဇ် (အသက်) ------------------------

(၅) အဘအမည် --------------------------------

(၆) အမိအမည် ---------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ် ( )

---------- လမ်း/ကျေးရွာ ----------- ရပ်ကွက်/ကျေးရွာအုပ်စု၊

---------- မြို့နယ်၊ -------------- တိုင်းဒေသကြီး/ပြည်နယ်

(၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် ----------------------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန(ပြည်တွင်း) -----------------

(၉) ***တောင်းဆိုသူ ယခုရောက်ရှိနေသည့်----------------------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ(ပြည်ပ) ------------------

--------------------------------------

**(နိုင်ငံအမည်နှင့်မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်အက္ခရာဖြင့်ရေးသွင်းရန်)**

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ --------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်းဖြစ်ရမည်။

** ပြည်တွင်းတွင် ရောက်ရှိနေသည့် တောင်းဆိုသူများသာ ဖြည့်သွင်းရမည်။

*** ပြည်ပတွင် ရောက်ရှိနေသည့် တောင်းဆိုသူများသာ ဖြည့်သွင်းရမည်။